BURMESE

METRO NASHVILLE PUBLIC SCHOOLS

# Third Grade Retention FAQ
# ၃တန်းမှာပဲ ပြန်ထားခြင်းဆိုင်ရာ မကြာခဏ မေးမြန်းတတ်သောမေးခွန်းများ

**အကယ်၍ ကျောင်းသားတစ်ဦးက Tennessee Comprehensive Assessment Program (TCAP) အကဲဖြတ်စီစစ်ခြင်း၏တတိယတန်း English language arts (ELA) ဆက်ရှင်ပိုင်းမှာ ကျွမ်းကျင်ပိုင်နိုင်မှုမရှိခဲ့လျှင် သူတို့ကို ၄ တန်းတက်ခိုင်းဖို့ နည်းလမ်းတွေက ဘာတွေလဲ။**

နွေရာသီတွင် Promising Scholars ကို တက်ပါ နှင့်/သို့မဟုတ် ၄ တန်းတစ်နှစ်လုံး Accelerating Scholars ကို တက်ပါ။

**ကျောင်းသားတစ်ဦးကို ယခင်အတန်းမှာ ထိန်းသိမ်းထားရှိခြင်းဖြင့်စပ်လျဉ်းပြီး ခြွင်းချက်များထဲမှတစ်ခုဖြင့်ကိုက်ညီမှုရှိမရှိ ဘယ်သူ သတ်မှတ်ဆုံးဖြတ်ပါသလဲ။**

ကျောင်းသားတစ်ဦးက ကျောင်းသားကို ယခင်အတန်းမှာပဲ ထိန်းသိမ်းထားခြင်း(အတန်းချခြင်း)မှကင်းလွတ်မည့် အခြေအနေများထဲမှ တစ်ခုဖြင့်ကိုက်ညီခြင်းရှိမရှိ MNPS ဝန်ထမ်းများဖြင့်အတူ ကျောင်းများမှ သတ်မှတ်ဆုံးဖြတ်ရပါမည်။ ကင်းလွတ်ခွင့်ဆိုင်ရာ ဆုံးဖြတ်ချက် အားလုံးက ကျောင်းသားတစ်ဦးစီ၏ထူးခြားသောလိုအပ်ချက်များနှင့်အခြေအနေများကို ထည့်သွင်းစဉ်းစားရပြီး ကျောင်းသားဖိုင်တွင် မှတ်တမ်းတင်ခြင်းကို အခြေအနေတစ်ခုစီအလိုက် ပြုလုပ်သွားရမည်။

**ELA တွင် ကျွမ်းကျင်ပိုင်နိုင်မှုမရှိဟု သတ်မှတ်ထားခြင်းခံရပြီး နောက်တစ်တန်းသို့ မတက်နိုင်မည့် တတိယတန်းကျောင်းသားအတွက် အယူခံဝင်သည့် လုပ်ငန်းစဉ်တစ်ခု ရှိပါသလား။**

Yes, TCAP ၏ ELA အပိုင်း၌ “approaching/ရောက်လုနီးပါးချဉ်းကပ်လာခြင်း" ၏စွမ်းဆောင်ရည် level အဆင့်ရရှိသော ကျောင်းသားများအတွက် ရှိပါသည်။ State Board of Education /ပြည်နယ် ပညာရေးဘုတ်အဖွဲ့မှ ပြဋ္ဌာန်းထားသောစည်းမျဉ်းများကို အယူခံဝင်သည့် လုပ်ငန်းစဉ်ကို ချမှတ်ရန် တတိယတန်းမှာပဲ ပြန်တက်ခိုင်းဖို့ သတ်မှတ်ခြင်းခံရသောကျောင်းသားအတွက် လတ်တလော TCAP စာမေးပွဲ၏ ELA အပိုင်းတွင် “approaching" ကျောင်းသား၏စွမ်းဆောင်ရည်အဆင့်ရရှိမှုပေါ်အခြေခံပြီး T.C.A § 49-6-3115(ဃ) အရ ဌာနမှ စီမံကွပ်ကဲပါ၏။ အကယ်၍ appeal/အယူခံဝင်ခြင်းကိုပြုလုပ်ခဲ့လျှင် ကျောင်းသား၏မိဘ သို့မဟုတ် အုပ်ထိန်းသူမှ ဥပဒေနှင့်နောက်ဆက်တွဲ စည်းမျဉ်းများအတိုင်း တင်သွင်းခြင်းကိုပြုလုပ်ရန် လိုအပ်ပါသည်။

**အကယ်၍ ကျောင်းသားတစ်ဦးက ၄တန်းသို့ အတန်းတက်ခိုင်းခြင်းဆိုင်ရာ အခြေအနေတစ်ရပ်အဖြစ် အဆိုပါ ကျောင်းသားက Promising Scholars ကို တက်ရောက်ဖို့ရွေးချယ်ပြီး ၊ ပရိုဂရမ်တက်ရက်၏အနည်းဆုံး 90% ကို မတက်ခဲ့ပါက ၄င်းကျောင်းသားကို အလိုအလျောက် ၃တန်းမှာပဲ ပြန်တက်ခိုင်းမှာလား။**

နောက်တစ်တန်းသို့ တိုးမြှင့်ခြင်းဆိုင်ရာ အခြေအနေတစ်ရပ်အဖြစ် ဥပဒေအရ ကျောင်းသားတစ်ဦးသည် ကျောင်းတက်နှုန်း 90% ရှိရန် လိုအပ်ပါသည်။ သို့သော် ကျောင်းသားတစ်ဦးက ၎င်းတို့၏ကိုယ်ပိုင်အမှားမဟုတ်ဘဲ ကျောင်းတက်နှုန်း ၉၀ % အောက်သို့ ကျဆင်းသွားသည့်အခြေအနေတွင် လိုအပ်သလို ပြန်လည်ပြုလုပ်ပေးသောဝန်ဆောင်မှုများကို MNPS မှ မည်သို့ စီစဉ်ပြုလုပ်သွားမည်ကို သတ်မှတ်ဆုံးဖြတ်ပေးပါသည်။

**TCAP ကို ပြန်လည်ဖြေဆိုခြင်းတွင် မည်သည့်အရာကို လိုအပ်ပါသလဲ။ ၄င်းကို မည်သည့်အချိန်တွင် ပြုလုပ်နိုင်ပါသလဲ။**

TCAP ကို ပြန်လည်ဖြေဆိုမှု အကဲဖြတ်စီစစ်ခြင်းက ချက်ချင်း အမှတ်ထုတ်ပေးနိုင်ရန်အတွက် multiple choice/multiple choice ရွေးချယ်မှုကို ခွင့်ပြုသွားပါမည်။ LEA အတွက် လုပ်ဆောင်ရက် (၂) ရက်အတွင်း အမှတ်တစ်ခုကို ထုတ်ပေးနိုင်ရန် ၎င်းကို ကွန်ပျူတာဖြင့် စီမံခန့်ခွဲပြီး ကြိုတင်တွက်ချက်မှုကို ပြုလုပ်သွားမည်။ စာမေးပွဲပြန်ဖြေခြင်းကို မေလ ၃၀ မှ ဇွန်လ ၅ ရက်အတွင်း ပြုလုပ်သွားပါမည်။

MNPS တွင် နောက်ဆုံး ကျောင်းတက်ရက်မှာ မေလ ၂၅ ရက် ဖြစ်ပါသည်။ စာမေးပွဲကိုပြန်ဖြေဆိုချင်သောမိသားစုအားလုံးအတွက် ပြန်လည်ဖြေဆိုခြင်းဆိုင်ရာ ရွေးချယ်မှုတစ်ခုကို စီစဉ်ပေးရန် အကောင်းဆုံးနည်းလမ်းကို သတ်မှတ်ဆုံးဖြတ်သွားရန် MNPS မှ ဆောင်ရွက်နေပါသည်။

**နွေရာသီ ပရိုဂရမ်အတွက် pre-test/အစမ်းစာမေးပွဲနှင့် post-tests/စာမေးပွဲနောက်ပိုင်းစသည်တို့ဖြင့် သက်ဆိုင်သော မည်သည့် အချက်အလက်များကို ရရှိနိုင်ပါသလဲ။**

နွေရာသီ ပရိုဂရမ်အတွက် TCAP က "pre-test" အဖြစ် ရှိပါမည်။ "post-test" တွင် TCAP-aligned items/ TCAP-ညှိယူထားသော အရာများ ပါဝင်မှာဖြစ်ပြီး ဖြေဆိုဖို့ တစ်နာရီထက်မကြာသောအချိန်ဖြစ်ရန် ဒီဇိုင်းထုတ်ထားပါသည်။ စာမေးပွဲကို အွန်လိုင်းမှ စီမံဆောင်ရွက်သွားမှာဖြစ်ပြီး လိုက်လျောမှုများကို ခွင့်ပြုသွားပါမည်။

**နွေရာသီ အစီအစဉ်အတွက် လုံလောက်သောတိုးတက်မှုကို မည်ကဲ့သို့ တိုင်းတာသွားမှာလဲ။**

"pre-test" နှင့် "post-test" ကြားမှ တိုးတက်မှုကိုအခြေခံပြီး  Adequate Growth Measure အား သတ်မှတ်သွားမည်။  TCAP ၌လည်း အလားတူ ပြုလုပ်သွားသကဲ့သို့  ပုံမှန် စိတ်ပိုင်းဆိုင်ရာ လုပ်ဆောင်နိုင်စွမ်းကိုတိုင်းတာမှု လုပ်ငန်းစဉ်ကိုအသုံးပြု၍ လုံလောက်သော တိုးတက်မှုကို ထည့်သွင်းတွက်ချက်ခြင်းအား နှစ်စဉ် သတ်မှတ်သွားပါမည်။ တွက်ချက်မှုများကို ဌာန၏ Technical Advisory Committee/ နည်းပညာဆိုင်ရာ အကြံပေး ကော်မတီ (ပြည်နယ် အကဲဖြတ်စစ်ဆေးမှုဆိုင်ရာ ကျွမ်းကျင်သူများနှင့် စိတ်ပိုင်းဆိုင်ရာ ပညာရှင်အဖွဲ့တစ်ဖွဲ့မှလည်း ပြည်နယ် အကဲဖြတ်စစ်ဆေးချက်အပေါ် အကြံပြုချက်နှင့် တိုင်ပင်ဆွေးနွေးပံ့ပိုးပေးသည့်) မှ ပြန်လည် သုံးသပ်သွားပါမည်။

**Promising Scholars တက်ရမည့်ရက်တွေက ဘယ်ရက်လဲ။**

Promising Scholars ကို ဇွန် ၁ ရက် -  ဇွန် ၃၀ ရက်အတွင်း ဖွင့်လှစ်သွားပါမည်။ Promising Scholars အပ်နှံခြင်းနှင့် နောက်ထပ် အကြောင်းအရာများကို  https://promisingscholars.mnps.org တွင် တွေ့ရှိနိုင်ပါသည်။

**အကယ်၍ ကျွန်ုပ်တွင် နောက်ထပ်မေးခွန်းများ ရှိခဲ့ပါက မည်သည့်အရာများကို လုပ်ဆောင်သွားရမှာလဲ။**

ဖော်ပြပါအီးမေးလ်လိပ်စာ:  retentionquestions@mnps.org သို့ သင်တို့၏မေးခွန်းများကို ကျေးဇူးပြု၍ ပေးပို့ပါ။   တာဝန်ရှိသူမှ ၄၈ နာရီအတွင်း တုံ့ပြန်ဖြေကြားသွားပါမည်။